
# ကျေးဇူးမသိတတ်သောကျား




unicef

# ကျေးဇူးမသိတတ်သောကျား


(ကိုးရီးယားရှေးဟောင်းပုံပြင်)



ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာရှိတယ်။ အဲဒီရွာက လူတွေဟာ ရွာအနားမှာရှိတဲ့ တောထဲက ကျားတွေကို ကြောက်လန့်နေကြရတယ်။ သူတို့ဟာ ရွာအပြင်ဘက်ကိုတောင် မထွက်ရဲကြဘူး။ ဒါကြောင့်တစ်ခုခုလုပ်မှဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ သူတို့ဟာ ကျားတွေ သွားလာတတ်တဲ့ တောနားက လမ်းမှာ ကျားတွေကို ထောင်ချောက်ဆင်ဖို့ တွင်းအနက်ကြီးတွေကို တူးကြတယ်။



တစ်နေ့မှာ ဒီရွာက ရွာသားတစ်ဦးရဲ့ တူဖြစ်သူဟာသူ့ရွာက နေပြီး သူ့ဦးလေးရှိတဲ့ရွာကို လာလည်တယ်။ လူကလေးဟာ တောထဲကို ဖြတ်ပြီးလျှောက်လာတဲ့အခါမှာ အော်ဟစ်နေတဲ့ ကြောက်စရာအသံကို ကြားလိုက်ရတယ်။ ဒါနဲ့ ဘာများပါလိမ့် လို့သိချင်တာနဲ့ အသံကြားတဲ့နေရာကို အသာလေးသွားပြီး ကြည့် လိုက်တဲ့အခါမှာ တွင်းထဲကျနေတဲ့ကျားကို တွေ့လိုက်ရတယ်။ ကျားဟာ တွင်းပေါ်ကိုခုန်တက်လိုက် ပြန်ကျသွားလိုက်နဲ့ ဖြစ်နေ ပြီး ခုန်တက်လို့မရတော့ စိတ်မသက်မသာနဲ့ အော်ဟစ်ပါလေ ရော။



"ကျားကြီး ခင်ဗျား ဒီတွင်းထဲကို ဘယ်လိုရောက်နေတာလဲ" လို့ လူကလေးက မေးတယ်။ ကျားကြီးက "မသိဘူး" ညကတောထဲမှ လမ်းလျှောက်နေတာ ကြည့်လည်းကြည့်လိုက်ရော ဒီတွင်းထဲကို ကျနေတာတွေ့ရတာပဲ။ ငါ့ကို ကယ်ပါ လူကလေးရယ်၊ မင်းကို ငါကျေးဇူးဆပ်ပါ့မယ်" လို့ ပြောတယ်။


"ကျွန်တော်ကတော့မထင်ပေါင်၊ ခင်ဗျားကို ကယ်လိုက်ရင် ခင်ဗျားက ကျွန်တော့်ကို ကိုက်စားမှာပေါ့" လို့ လူကလေးက ပြန်ပြောလိုက်တယ်။ ဒီအခါမှာ ကျားကြီးက "မင်းကို ကိုက်မစားပါဘူး။ မင်းကိုအရမ်းကျေးဇူးတင်ပါတယ်။ ကျေးဇူးပြုပြီး ငါ့ကို ကယ်ပါ။ ကျေးဇူး .. ကျေးဇူးပါကွယ်" လို့ တောင်းပန်ပြီး အကြီးအကျယ်ရှိုက်ငိုလိုက်တယ်။

လူကလေးဟာ ကျားကြီးက ငိုလိုက်တောင်းပန်လိုက်နဲ့ ဖြစ်နေတာကြည့်ပြီး ကျားကြီးကို သနားသွားတယ်။ ဒါနဲ့ လူကလေးက "မငိုပါနဲ့တော့ဗျာ ကျွန်တော့်ကို ကိုက်မစားပါဘူးလို့ ကတိပေးရင် ခင်ဗျားကို ကျွန်တော်ကယ်မယ်" လို့ ပြောလိုက်တဲ့အခါ "ငါကတိပေးပါတယ်ကွာ" လို့ ကျားကြီးက ပြန်ပြောတယ်။




ဒါနဲ့ လူကလေးဟာ သစ်ပင်က သစ်ကိုင်းအရှည်ကြီးကို ယူပြီး ကျားကြီးတက်နိုင်အောင် တွင်းထဲကို ချပေးလိုက်တယ်။ ချက်ချင်းပဲ ကျားကြီးဟာသူ့ရဲ့ဘေးကို ရောက်နေတာ လူကလေး တွေ့လိုက်ရတယ်။ လူကလေးဟာ ကြောက်လွန်းလို့ တစ်ကိုယ်လုံး တုန်ပြီး "ကောင်းပြီ၊ ခင်ဗျားတွင်းပေါ်ကိုရောက်လာပြီ၊ ကျွန်တော့်လမ်းကျွန်တော်သွားတော့မယ်" လို့ ပြောတယ်။

ဒီအခါမှာ ကျားကြီးက "မင်းဘယ်မှမသွားရဘူး။ မင်းကို ငါစားတော့မယ်" လို့ အစာ မာန်ဖီပြီးပြောလိုက်တယ်။ "ခင်ဗျား ပြောတော့ ကျေးဇူးသိတတ်ပါမယ် ကိုက်မစားပါဘူးဆို" လို့ လူကလေးက ငိုပြီးပြောတယ်။ "ငါကျေးဇူးသိတတ်ပါတယ်ကွာ။ ဒါပေမယ့် လူတွေကို စားတယ်ဆိုတာ ကျားရဲ့အလုပ်ပဲ။ နောက်ပြီး လူတွေက ငါ့ကိုတွင်းတူးပြီး ထောင်ချောက်ဆင်တယ်။ မင်းဟာလည်း လူတစ်ယောက်ဖြစ်တယ်။ ဒါကြောင့်မို့ မင်းကို ငါစားမယ်ဆိုတာ တရားမျှတပါတယ်ကွာ" လို့ ကျားကြီးက ပြန်ပြောလိုက်တယ်။ လူကလေးက "တရားတယ်လို့ မထင်ပါဘူး။ ဒါကိုတရားလား၊ မတရားဘူးလားဆိုတာ ကျွန်တော့်တို့အပြင် အခြား ၃ ဦးဆီမှာသွားပြီး ဆုံးဖြတ်ခိုင်းရအောင်" လို့ ပြောလိုက်တယ်။




ဒီအချိန်မှာ နွားမကြီးတစ်ကောင်ဖြတ်သွားတာတွေ့ရတော့ လူကလေးက အဖြစ်အပျက်ကို ပြောပြတဲ့အခါ နွားမကြီးက "ကျားက မင်းကို စားသင့်တာပေါ့။ မင်းဟာ လူသားတစ်ဦး ဖြစ်တယ်။ လူတွေဟာ သူတို့အတွက် နွားတွေကို လှည်းဆွဲ ခိုင်းတယ်။ လယ်ထွန်ခိုင်းတယ်။ ဒါ့အပြင် အမျိုးစုံပါပဲ။ ပင်ပင်ပန်းပန်းခိုင်းပြီး ငါတို့မောပန်းနေတဲ့အခါမှာလည်း ငါတို့ကို ရိုက်တယ်။ ကျေးဇူးနည်းနည်းမှ မသိတတ်ဘူး။ တို့ကို သတ်ပြီးစားလိုက်သေးတယ်။ ငါကတော့ မင်းကို ကျားက ကိုက်စားမှာ တရားတယ်လို့ ထင်တယ်" လို့ ဖြေလိုက်တယ်။



ဒါနဲ့ သူတို့ဟာ တောထဲက သစ်ပင်အိုကြီးဆီကို သွားကြတယ်။ ကျားကြီးက အဖြစ်အပျက်ကို ရှင်းပြတယ်။

သစ်ပင်အိုကြီးက "လူတွေဟာ သစ်ပင်တွေကို သူတို့ကြိုက်သလို ခုတ်ပစ်တယ်။ သူတို့အကျိုးအတွက် မီးရှို့တယ်။ ဟုတ်တယ် ကျားကြီးရေ သူ့ကို စားလိုက်ပေတော့။ လူတွေဟာ သူတို့ အပြစ် သူတို့ခံယူသင့်တယ်" လို့ ပြောလိုက်တယ်။




ဒီတော့ ကျားကြီးက သူ့ရဲ့ကြီးမားချွန်ထက်တဲ့ သွားတွေကို ဖြဲပြီး “ကဲ … အားလုံးဆုံးဖြတ်ပြီးပြီ။ မင်းကို ငါအခုစားတော့မယ်” လို့ ပြောတယ်။ လူကလေးဟာ ကျားကြီးရန်က လွတ်ဖို့ မတွေးတတ်တော့ဘူး။ ဒါပေမယ့် အချိန်ထပ်ဆွဲဖို့ နည်းလမ်းကို ကြိုးစားရှာကြည့်လိုက်တယ်။

“ကျွန်တော် သဘောတူထားတာက ကျွန်တော်တို့အပြင် အခြား ၃ ဦးဆီမှာ ဆုံးဖြတ်ခိုင်းဖို့ မဟုတ်လား။ အခုမှ ၂ ဦးထဲ မေးရသေးတယ် မဟုတ်လား” လို့ ပြောပြတယ်။ ဒီအခါမှာ ဆာလောင်နေပြီး စိတ်မရှည်တော့တဲ့ကျားကြီးက “အခု ၂ ဦးက မင်းကိုစားဖို့သဘောတူလိုက်တယ်။ ၃ ဦးထဲက ၂ ဦးက ငါ့ကို အနိုင်ပေးလိုက်ပြီလေ” လို့ ပြန်ပြောတယ်။

“ကျွန်တော်ကတော့ ကျွန်တော်မသေခင်မှာ ခင်ဗျားဟာ ၃ ဦး အနက် ၂ ဦးနဲ့ နိုင်သွားတာလား၊ ၃ ဦးအနက် ၃ ဦးနဲ့ နိုင်သွားတာလားဆိုတာ သိသွားချင်သေးတယ်” လို့ လူကလေးက ပြောလိုက်တယ်။



ဒီအချိန်မှာ ယုန်ကလေးတစ်ကောင်ခုန်ပြီး ရောက်လာတယ်။ ကျားကြီးက "ကောင်းပြီ အခုယုန်ကလေးလည်း ရောက်လာပြီဆို တော့ သူ့ကို မေးကြည့်ကြရအောင်။ ငါအစား မစားခင် မိနစ် အနည်းငယ်တော့ စောင့်လိုက်ပါ့မယ်" လို့ ပြောတယ်။ သူတို့ရဲ့ အဖြစ်အပျက် ရှင်းပြနေတာကို ယုန်ကလေးက သေသေချာချာ နားထောင်ပေးတယ်။ ကျားကြီးက စိတ်မရှည်နိုင်တော့တဲ့ပုံနှင့် "ကဲ ... မင်း ဘယ်လို ဆုံးဖြတ်မလဲ" လို့ မေးလိုက်တဲ့အခါမှာ ယုန်ကလေးက "အင်း ... ဆုံးဖြတ်ရမှာခက်တော့ ခက်တယ်ဗျာ။ ဖြစ်ပျက်တာကို အတိအကျ ကြည့်ချင်တယ်။ အဲဒီတွင်းကြီးကို ပြနိုင်မလား" လို့ မေးလိုက်တယ်။




သူတို့အားလုံး တွင်းကြီးရှိရာကို သွားကြတယ်။ တွင်းနား ရောက်တော့ ယုန်ကလေးက "လူကလေးမရောက်ခင်မှာ ကျားကြီး က ဘယ်နေရာမှာလဲ" လို့ မေးလိုက်တယ်။ ကျားကြီးက အစာ စားချင်ဇောနဲ့ စိတ်မရှည်တော့ဘဲ တွင်းထဲကို ခုန်ဆင်းလိုက်ပြီး "ငါကဒီနေရာမှာလေ" လို့ ပြောလိုက်တယ်။ ယုန်ကလေးက "အဲဒီအချိန်မှာ ဒီသစ်ကိုင်းက ဒီမှာ ရှိနေတာလား" လို့ ထပ်ပြီး မေးပြန်တယ်။ ကျားကြီးက "မဟုတ်ဘူး" လို့ ပြန်ဖြေတယ်။ ဒီအချိန်မှာ ယုန်ကလေးက "ကောင်းပြီလေ ဒီသစ်ကိုင်းကြီး နဲ့ဆိုရင် အခြေအနေအမှန် ဆုံးဖြတ်ဖို့ ခက်တယ်။ လူကလေးရေ အဲဒီသစ်ကိုင်းကြီးကို အပေါ်ကို ပြန်တင်လိုက်ပါဦး" လို့ ပြော လိုက်တယ်။



ဒါနဲ့ လူကလေးနှင့် ယုန်ကလေးတို့ဟာ သစ်ကိုင်းကြီးကို ပြန်ယူလိုက်ကြတယ်။ ဒီအချိန်မှာ သူတို့ရဲ့ မျက်နှာမှာ အပြုံး ကိုယ်စီနဲ့ပေါ့။ ထို့နောက် ယုန်ကလေးက "ငါ့ဆုံးဖြတ်ချက်က တော့ လူကလေးကို စားဖို့ မတရားဘူး။ မင်းဟာကျေးဇူးသိ တတ်တဲ့သူ ဖြစ်သင့်တယ်" လို့ ပြောပြီးခုန်ဆွခုန်ဆွနှင့် ထွက် သွားတော့တယ်။ လူကလေးက "ကျေးဇူးတင်ပါတယ်။ ယုန်ကလေးရယ်" လို့ ပြောပြီး သူ့ဦးလေးရွာကို ပျော်ရွှင်စွာ ထွက်သွားတယ်။

"အဲဒီသစ်ကိုင်းကို ပြန်ချပေး ဒါမတရားဘူး။ ငါက ၃ ဦး အနက် ၂ ဦးနဲ့ နိုင်ခဲ့တာ" လို့ အော်ပြီး တွင်းနက်ကြီးထဲမှာ လျှောက်ပြေးနေတဲ့ကျားကြီးမှာ သူလုပ်ခဲ့တဲ့အမှားတွေကို ပြန်စဉ်းစားဖို့ အချိန်တွေ အများကြီးရနေမှာပါပဲ။





ကာတွန်းသရုပ်ဖော်   ဇော်ဝိတ်

ဒီဇိုင်း ဇေဖြိုး

ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။